ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်းအကျဉ်းချုပ်

Date -12/4/2022

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့ အနောက်ဘက် ၆ မိုင်အကွာရှိ သဃ်န်းညီနောင် စကစ တပ်စခန်းကို KNLA ပူးပေါင်းအဖွဲ့မှ ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ နောင်ပုလဲရွာ၌ KA၊ KNDF ပူးပေါင်းတပ်ဖွဲ့များနှင့် စကစတပ်တို့ ထိတွေ့တိုက်ပွဲ ၄ နာရီခွဲကြာဖြစ်ပွားပြီးနောက် စကစဘက်မှ (၂၀) ဦးသေဆုံးခဲ့ပြီး KNDF ရဲဘော် ၆ ဦးကျဆုံးခဲ့ကာ (၂၀) ဦးခန့် ထိခိုက်ဒဏ်ရာရသွားကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ အိုးခူရီရွာ၊ နောင်ပုလဲရွာဘက်၌ ထိတွေ့တိုက်ပွဲစတင်ဖြစ်ပွားပြီး KNDF၊ KA ပင်မစစ်ကြောင်းဘက်မှ စကစတပ်ကို စတင်ပစ်ခတ်ခဲ့ပြီး စကစဘက်မှ အသေအဆုံးများ၍ ပြည်သူ့ကာကွယ်ရေးတပ်ဘက်မှ ၁ ဦး ထိခိုက်ဒဏ်ရာရကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ နတ်မြောင်း၊ နတ်ချောင်းကျေးရွာနှင့် ကလေးမြို့နယ်တောင်ပိုင်း၌ စကစတပ်၊ ပျူစောထီးအင်အား (၃၅၀) ဦးခန့်နှင့် ကလေးမြို့နယ်ပကဖ ကလေးခရိုင် PDF တပ်ရင်းများ၊ CNDF ၊ CDF-KKG ၊ RKDF ၊ ဒေသခံကာကွယ်ရေးအဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ စကစတပ်သား ၊ ပျူစောထီးများ သေဆုံးမှုရှိခဲ့၍ ပူးပေါင်းတပ်ဖွဲ့မှ CNDF တပ်သား (၃)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကလေးမြို့နယ်၊ ပကဖ၏ Drone (၁) စီး မီးရှို့ခံရကြောင်း သိရသည်။

မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ အလ္လကပ္ပကျေးရွာမှ မုံရွာဖက်သို့ မောင်းနှင် လာသည့်စကစ တပ်သားများပါ အနိစာတုံးကား (၁) စီးကို ဘိုးမင်းကြီးကင်း ကျေးရွာနှင့် ဝွေးပင်တော ကျေးရွာကြား၌ မြောင်အမျိုးသမီး စစ်သည်တော် တပ်ရင်းမှ ထုတ်လုပ်သည့်ရှေ့ထွက်မိုင်းများကို အသုံးပြု၍ မြောင်မြို့နယ် ပြည်သူ့ကာကွယ်ရေး နှင့် လုံခြုံရေးအဖွဲ့ (CDSOM) ၊ မြောင် တပ်မတော် (MUA)၊ Black Eagle(MMU)၊ CRF(MMU)၊ စစ်ကိုင်းခရိုင်PDF တပ်ရင်း(၁)တို့မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ အနိစာတုံးကား (၁) စီးပျက်စီး၍ စကစ တပ်သား (၁၀)ဦး သေဆုံးခဲ့ပြီး (၅) ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

<u>မကွေးတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ မကွေးတိုင်း၊ နတ်မောက်မြို့နယ်ရှိ PDF စခန်းတစ်ခုအား စကစ အင်အား-၅၀ ဝန်းကျင်ဖြင့် လာရောက်တိုက်ခိုက်ရာ စကစဘက်မှ ၁ ဦးသေ၊ ၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ ကျအိုးကျေးရွာအနီး၌ ရွာများကို မီးပတ်ရှို့ နေသည့်စကစတပ် နှင့် ပြည်သူ့ကာကွယ်ရေး မဟာမိတ်အဖွဲ့များကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစဘက် မှ အနည်းဆုံးစကစ တပ်သား ၂၅ ဦး ထက်မနည်း သေဆုံးခဲ့ ကြောင်း သိရသည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

<u>စစ်ကိုင်းတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ တစ်ကျော့ပြန်တိုက်ပွဲအတွင်း စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ နတ်ချောင်း ကျေးရွာရှိ လူနေအိမ် (၁၅၂) လုံးအား စကစမှမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ရန်ကြီးအောင် ကျေးရွာ၌ ရှိသော စကစ တပ်သားနှင့် ပျူစောထီးအင်အား (၂၀၀) ခန့်သည် တင်သားကျေးရွာ၊ ကျောက်ဖူး ကျေးရွာနှင့် ဒိုးနွယ်ကျေးရွာများသို့ လက်နက်ကြီးများ ဖြင့်ပစ်ခတ်ခဲ့ပြီး စည်သာကျေးရွာရှိ လူနေအိမ်များအား စကစ တပ်သားနှင့် ပျူစောထီး များမှ မီးရှို့ခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ကလေးမြို့ တာဟန်းရပ်ကွက် စကစဂိတ်မှ ၎င်းအနီးရပ်ကွက်များသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်သဖြင့် နေအိမ် (၁) လုံးပျက်စီးခဲ့ကြောင်း သိရသည်။

<u>မကွေးတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ သမှုန်းကုန်းကြီး ကျေးရွာရှိနေအိမ် ၁ လုံးကို စကစမှ မီးရှို့သွားပြီး၊ ၎င်းအိမ်၏ အိမ်ထောင်ဦးစီး ဖမ်းဆီး ခံရကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ မကွေးတိုင်း၊ ပေါက်မြို့နယ်တောင်ပိုင်း၊ ကျောက်အိုးကုန်း ရွာ၌ စကစ တပ်များမှ ဝင်ရောက်စီးနင်း၍ ရွာလုံးကျွတ်မီးရှို့ ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။